ဘောဒ့ကျေးရွာ
မြို့သစ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဘောဒ့ကျေးရွာ၊ မြို့သစ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ

# မာတိကာ


မာတိကာ

၁။ စကားချီး ၃ - ၄

၂။ ဘော့ကျေးရွာသယံဇာတပြမြေပုံ ၅ - ၅

၃။ တည်နေရာနှင့် ပထဝီအနေအထား ၆ - ၆

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ် ၆ - ၇

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ ၇ - ၇

(ခ)စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ ၇ - ၇

(ဂ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇ - ၈

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ၈ - ၈

(င)ပညာရေး ၈ - ၈

(စ)ကျန်းမာရေး ၈ - ၉

(ဆ)ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉ - ၉

(ဇ)ကျား-မ ရေးရာ ၉ - ၉

၆။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၁၀ - ၁၆

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၇ - ၃၁

## ၁။စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဘော့ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာလ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဘော့ကျေးရွာ
မြို့သစ်မြို့နယ်

## ၂။ ဘောဒ္ဒကျေးရွာ သယံဇာတပြမြေပုံ



- ဘောဒ္ဒကျေးရွာ၊ ဘောဒ္ဒကျေးရွာအုပ်စု၊ မြို့သစ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ဘောဒ္ဒကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူပါသည်။

## ၃။ ဘော့ကျေးရွာ၏ တည်နေရာနှင့် ပထဝီအနေအထား

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ မြို့သစ်မြို့နယ်သည် မကွေးတိုင်းဒေသကြီးတွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိ၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်တွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀ဒီဂရီ နှင့် ၂၂ ဒီဂရီ အကြား ၊ အရှေလောင်ဂျီတွဒ် ၉၄ဒီဂရီ နှင့် ၉၆ဒီဂရီအကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ( ၆၁၂.၀၉ ) စတုရန်းမိုင် ကျယ်ဝန်းပါသည်။

မြို့သစ်မြို့နယ်၏ အရှေဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ၊ တောင်ဘက်တွင် တောင်တွင်းကြီးမြို့နယ်၊ အနောက်ဘက်တွင် မကွေးမြို့နယ်နှင့် မြောက်ဘက်တွင် နတ်မောက်မြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ်လျှက်ရှိပါသည်။

ဘော့ကျေးရွာသည် မြို့သစ်မြို့နယ်၏ အရှေ့ဘက် (၁၆)မိုင်အကွာ၊ ကံပြား-နေပြည်တော် ကားလမ်းမကြီးဘေး မိုင်တိုင်အမှတ် (၃၆/၃)တွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဇီးလုံးကျေးရွာအုပ်စု၊ အနောက်ဘက်တွင် မြေပြင်သာကျေးရွာအုပ်စု၊ တောင်ဘက်တွင် ဒန့်ဒလွန်ပင်ကျေးရွာအုပ်စုနှင့် မြောက်ဘက်တွင် ပုလင်းပြားကြီးကျေးရွာအုပ်စုတို့နှင့် နယ်နိမိတ်ထိစပ်လျှက်ရှိပါသည်။

မြို့သစ်မြို့နယ်၊ ဘော့ကျေးရွာသည် ကုန်းမြင့်ဒေသဖြစ်ပါသည်။ ပဲခူးရိုးမကြီး၏ အစပ်တွင် တည်ရှိပြီး ဧရိယာ (၃၂.၉)ကေ ကျယ်ဝန်း၍ သစ်တောကြိုးဝိုင်းမှ ၂၀၁၃-ခုနှစ်တွင် ပြည်ထဲရေးအမည်ပေါက်ကျေးရွာဖြစ်ပါသည်။ တောင်ကျချောင်းရိုးများ ပေါများပြီး မိုးရာသီတွင် တောင်ကျချောင်းရေများ စီးဆင်းပါသည်။ နွေရာသီတွင် ချောင်းရေများခန်းခြောက်ပြီး အပူပိုင်းဒေသဖြစ်ပါသည်။

## ၄။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ဘော့ကျေးရွာတွင် နှစ်စဉ်မိုးရေချိန်( ၃၄ )လက်မ ခန့်ရှိပြီး သဘာဝပေါက်ပင်များမှာ မန်ကျည်း၊ တမာ၊ ဇီးဖြူ၊ ကုက္ကို၊ ရှားပင်၊ ထနောင်းပင်၊ ထန်းပင်များ ပေါက်လေ့ရှိပါသည်။ ဘော့ကျေးရွာတွင် လယ်မြေကေမှာ (၁၀၀)ကေခန့်ရှိပြီး ယာမြေကေမှာ(၆၀၀)ခန့်ရှိပါသည်။ ဘော့ကျေးရွာသည် တောင်ကုန်းဒေသဖြစ်၍ တောင်ယာလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပါသည်။ ဆီထွက်သီးနှံများ၊ ပဲမျိုးစုံနှင့် ချည်မျှင်ရှည် ဝါများစိုက်ပျိုးကြ၍ ယာသီးနှံများထွက်ရှိပြီး လယ်မြေမှာနည်းပါးပါသည်။ ကာကွယ်တောကြီးများရှိပြီး အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများလည်းရှိပါသည်။ ကျေးရွာနယ်နိမိတ် ဧရိယာ ကျယ်ပြန့်ပြီး ကျေးရွာတစ်ရွာ တစ်အုပ်စုဖြစ်၍ မြေလွတ်မြေရိုင်းများနှင့် စာကျက်မြေများ

ကျယ်ပြန့်သည့်အတွက်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ဘော့ကျေးရွာသည် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းစောက်ရှောက်ရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် နှစ်စဉ် သစ်ပင် သစ်တောစိုက် ခင်းတည်ထောင်ခြင်း၊ သဘာဝကာကွယ်တောများ ထိန်းသိမ်းစောက်ရှောက်ခြင်းတို့ကို သစ်တောဦးစီး ဌာနတို့နှင့် ပူးပေါင်း အကောင်အထည်ဖော် လျှက်ရှိပါသည်။ ထင်း အသုံးချမှု လျော့ချရေးအနေဖြင့် အေဝမ်းမီးဖို အသုံးပြု၍ထင်းချွေတာခြင်း၊ ကျေးရွာ ထင်းစိုက်ခင်းများကိုလည်း ကော်မတီဖွဲ့၍ စနစ်တကျ အသုံးပြုနိုင်ခြင်းတို့ကို ပြည်သူလူထုနှင့် အသိပညာပေးဗဟုသုတရရှိစေခြင်းအတွက် ဟောပြောပွဲများပြုလုပ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။ နွေရာသီ ရေရှားပါးမှု မဖြစ်စေရန်အတွက် ရေတွင်း၊ ရေကန်များကို စနစ်တကျသုံးစွဲပြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို နှစ်စဉ် အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။

**၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ**

ဘော့ကျေးရွာအတွင်း ကျေးရွာအခြေပြုအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ရေးအတွက် ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြပါသည်။ ကျေးရွာ အတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖအဖွဲ့များ၊ ပညာရေးကော်မတီ၊ လမ်းကော်မတီ၊ ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ စသည်တို့ရှိပြီး သက်ဆိုင်ရာပြင်ပအဖွဲ့အစည်းများ ဌာနဆိုင်ရာများ၊ NGO၊ INGOများဖြင့် ပူးပေါင်း၍ ကျေးရွာ ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

ဘော့ကျေးရွာတွင် တောင်ယာလုပ်ငန်းများတွင် သီးနှံမျိုးစုံ စိုက်ပျိုးကြပြီး မိုးရာသီတွင်သာ မိုးရေဖြင့် စပါးစိုက်ပျိုးပါသည်။ မိုးသီးနှံအပြင် ဆောင်းတွင်းကာလတွင်လည်း ဆောင်းသီးနှံများကို လည်း စိုက်ပျိုးကြပါသည်။ ယာသီးနှံအဖြစ် ဆီထွက်သီးနှံဖြစ်သည့် (နှမ်း၊ မြေပဲ)၊ ပဲမျိုးစုံဖြစ်သည့် (ပဲတီစိမ်း၊ ပဲကြီး၊ ပဲစဉ်းငုံ၊ ကုလားပဲ)နှင့် ချည်မျှင်ရှည် ဝါတို့ကိုလည်း စိုက်ပျိုးကြပါသည်။ ယာမြေ(၆၁၃)ကေရှိပြီး၊ လယ်မြေ(၉၇)ကေရှိပါသည်။ ယာမြေများတွင်သီးနှံ၊ သစ်တောရောနှောပုံစံဖြင့် သစ်တောဝန်ကြီးဌာနစီမံချက်နှင့်အညီ အစုအဖွဲ့စိုက်ခင်းများတွင် (ကျွန်း၊ ယူကလစ်၊ လျှော်ဖြူ)များ စိုက်ပျိုးပါသည်။ ဘော့ကျေးရွာတွင် ကိုယ်ပိုင်ငါးကန်ငယ်များလည်းရှိပါသည်။ ငါးမွေးမြူရေးဦးစီးဌာန နှင့် ချိတ်ဆက်၍ ငါးကြင်း(၄၅၀၀)ကောင်ခန့် မွေးမြူထားရှိပါသည်။ ဘော့ကျေးရွာ၏(၇၀%)မှာ အခြားလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ကြပါ သည်။ လူတစ်ဦးတစ်နေ့ လုပ်အားခပျမ်းမျှမှာ

(၂၅၀၀)ကျပ်ခန့်သာရရှိပါသည်။ အလုပ်အကိုင်အခွင့် အလမ်းနည်းသောကြောင့် ပုံမှန်ဝင်ငွေမရရှိသဖြင့် ပြည်တွင်း၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများ ပိုမိုများပြားလာပါသည်။ စီးပွားရေးအဆင်မပြေ၍ နယ်ထွက်အလုပ်လုပ်ကိုင်ရသော မိသားစုများလည်း ရှိပါသည်။ အခြားဒေသသို့သွားရောက်၍ စက်ရုံလုပ်သား၊ ပုဂ္ဂလိကလုပ်သားများအဖြစ်လည်းလုပ်ကိုင်ကြပါသည်။ ပုံမှန်ဝင်ငွေများရရှိရန် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ပေးရန်လိုအပ်လျှက်ရှိ ပါသည်။

**(ဂ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

ဘော့ကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မြန်မာနိုင်ငံ အလယ်ပိုင်းတွင်ရှိပြီး ကုန်းမြင့်ဒေသကျေးရွာတစ်ရွာဖြစ်ပါသည်။ စက်ရေတွင်းရှိသော်လည်း ရေငန်နေ၍ သုံးရေသာအသုံးပြုနိုင်ပြီး သောက်ရေမှာ ချောင်းငယ်မှထွက်ရှိသော စိမ့်စမ်းရေကိုသာ အသုံးပြုရပါသည်။ မိုးတွင်းကာလနှင့် ဆောင်တွင်းကာလများတွင် လုံလောက်မှုရှိသော်လည်း နွေရာသီတွင် သောက်ရေရရှိမှု အားနည်းပါသည်။ သို့ဖြစ်ပါ၍ တောင်ကျချောင်းရေအား တစ်ဖက်ပိတ်ရေကာတာတည် ဆောက်၍ ကျေးရွာ သောက်ရေအားဆောင်ရွက်လိုပါသည်။ ဘော့ကျေးရွာရှိ ရွာလယ်လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းကာလတွင်း ကျောင်းသား/သူများ ကျောင်းတက်ရာတွင် လည်းကောင်း၊ သီးနှံများရောင်းချရာတွင်လည်းကောင်း၊ ကျန်းမာရေးအရေးကြီး ကိစ္စများ ရှိလျှင်သော်လည်းကောင်း အဆင်မပြေဖြစ်ရသည်။ ဘော့ကျေးရွာတွင် ဆိုလာမီးသာအများဆုံး သုံးစွဲကြပြီး ပညာရေးနှင့် စီးပွားရေးများ ပိုမိုအဆင်ပြေစေရန် လျှပ်စစ်မီးလိုအပ်လျှက်ရှိပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

ဘော့ကျေးရွာတွင် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှအိမ်ထောင်စု(၃၁)ဦးအတွက်လယ်ဧက(၇၈)ဧကအတွက် ကျပ်သိန်း(၁၁၇) အားမိုးချေးငွေအဖြစ် ချေးယူထားရှိပါသည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်း မြစိမ်းရောင်စီမံကိန်း အရင်းမပြောက်လည်ပတ်ရန်ပုံငွေ သိန်း(၃၀၀)မတည်၍ ထားရှိရာ ယခုအခါတွင် အတိုးရငွေစုစုပေါင်းမှာ(၇၆)သိန်းရရှိပြီဖြစ်ပါသည်။ ပတ်မြန်မာအသေးစား ချေးငွေလုပ်ငန်းတွင် ပါဝင်သူများလည်းရှိပါသည်။ ဆင်းရဲသောမိသားစုများအနေဖြင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကြောင့် ရင်းနှီးမြှုပ်နှံမှုများ ရရှိနေခြင်းဖြစ်ပါသည်။

**(င) ပညာရေး**

ဘော့ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိပြီး ကျောင်းသားဦးရေ (၁၇၅)ဦး ပညာသင်ကြားလျှက်ရှိပါသည်။ ပညာရေးဝန်ထမ်း (၉)ဦးရှိပါသည်။ နိုင်ငံတော်မှ ပေ(၈၀x၃၀) ကျောင်းဆောင်တစ်ဆောင်ရှိပြီး ကျေးရွာမှ ကိုယ်ထူကိုယ်ထအနေဖြင့် ပေ(၆၀x၃၀) ကျောင်းဆောင်

နှစ်ဆောင်ဆောက်လုပ်ထားရှိပါသည်။ စာသင်ကျောင်းတွင် ယင်လုံအိမ်သာ (၃)လုံးရှိပါသည်။ ကျောင်းခြံစည်းရိုးအား သံဇကာဖြင့် ကာရံထားရှိပါသည်။ ကျောင်းတွင် သောက်သုံးရေမလုံလောက်ပါသဖြင့် အများပိုင်ရေတွင်မှ အသုံးပြုရပါသည်။ ကျောင်းပရိဘောဂနှင့် စာသင်ခုံများ မလုံလောက်ပါသဖြင့် ကျောင်းသားမိဘများမှ ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်ထားရှိ ရပါသည်။ အလယ်တန်းပြဆရာမလုံလောက်မှုမရှိသဖြင့် ဆရာမ(၂)ဦးအား ကျေးရွာအစီအစဉ်ဖြင့် ငှားရမ်းထားရှိပါသည်။ ကျောင်းစာကြည့်တိုက်အား အလှူရှင်များနှင့် ပူပေါင်းဖွင့်လှစ်ထားရှိပြီး ကျောင်းသူ/သားများပါမက ကျေးရွာလူထုပါ ငှားရမ်းဖတ်ရှုနိုင်ပါသည်။

**(စ)ကျန်းမာရေး**

ဘော့ကျေးရွာတွင် ကိုယ်ထူကိုယ်ထ ဆေးပေးခန်းဆောက်လုပ်ထားရှိပြီး တာဝန်ကျဆရာမမှာရွာသို့ အပတ်စဉ်လာရောက်၍ ကာကွယ်ဆေးထိုးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများလာရောက်ဆောင်ရွက်ပေးပါသည်။ ရာသီအလိုက် ဖြစ်တက်သောရောဂါများအား ယင်းဆရာမဖြင့်သာကုသပါသည်။ အရေးပေါ်ကျန်းမာရေးကိစ္စများပေါ်ပေါက်လာပါက သက်ဆိုင်ရာကျန်းမာရေးဌာနနှင့်ပေါင်းစပ်ပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသရပါသည်။ ကျန်းမာရေးနှင့် ပတ်သက်သောဗဟုသုတနည်းပါးခြင်း၊ ကျေးရွာတွင် ကျန်းမာရေးမှုးမရှိခြင်း၊ မြို့နယ်ပြည်သူ့ဆေးရုံသို့ အချိန်မှီသွားရောက်မကုသနိုင်ခြင်းတို့ကြောင့် မလိုလားအပ်သော ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့ရလေ့ရှိပါသည်။

**(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**ကျေးရွာမှယာမြေများသည် နှစ်စဉ်သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒကွန်ပေါင်းမြေသြဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေသြဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှု များနှင့်ကြုံတွေ့နေရသည်။ စိုက်ခင်းများတွင်ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပါတ်ဝန်းကျင်နှင့် ကျန်းမာရေးကိုထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေးအတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန် နည်းပညာများလိုအပ်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။**

**(ဇ) ကျား-မ ရေးရာ**

**ဘော့ကျေးရွာ၏ လူဦးရေစာရင်းအရ ကျား(၃၇၉)ဦး မ(၃၇၆)ဦးရှိသောကြောင့် ကျား/မ ဦးရေမှာ မျှတမှုရှိနေပါသည်။ ရပ်ရွာကိစ္စများဆောင်ရွက်ရာတွင် အမျိုးသမီးပါဝင်နိုင်မှုနည်းပါးသော်လည်း သာရေး၊ နာရေး၊ ဘာသာရေးကိစ္စများတွင် ဆောင်ရွက်ရာတွင်ပါဝင်မှုရှိပါသည်။ အိမ်တွင်းရေးကိစ္စများတွင်း အမျိုးသမီးများမှ ဦးဆောင်မှုများစွာရှိပါသည်။ တည်ဆဲဥပဒေနှင့်အညီ**

**အမျိုးသမီး အခွင့်အရေးများကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများအားအမျိုးသားများနှင့်အတူ တန်းတူအခွင့်အရေးများရှိလာပြီးဖြစ်ကြောင်းတွေ့ရပါသည်။**

**၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

**နောက်ဆက်တွဲ(၁) ဖွံ့ဖြိုးရေးဗျူဟာဇယား**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | လမ်းတံတား | ရွာလယ်လမ်း(ကျောက်ချော)ခင်းခြင်း | ၁ |
| ၂ | ကျေးရွာအားထိခိုက်စေနိုင် သော ဘေးအန္တရာယ်များ | တောင်ကျရေအားတစ်ဖက်ပိတ်ရေကာတာတည်ဆောက်ခြင်း | ၂ |
| ၃ | မီးလင်းရေး | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း | ၃ |
| ၄ | ပညာရေး | စာသင်ကျောင်းဆောက်အဦတည်ဆောက်ခြင်း | ၄ |
| ၅ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေးဝန်ထမ်း၊ ဆေးဝါးများနှင့် ပရိဘောဂပစ္စည်းများ ဆောင်ရွက်ခြင်း | ၅ |
| ၆ | စိုက်ပျိုးရေး | လယ်ယာသုံးစက်ကိရိယာများအား ဈေးနှုန်းချိုသာစွာ ရရှိရန် | ၆ |
| ၇ | စိုက်ပျိုးရေး | စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ပေးခြင်း | ၇ |
| ၈ | စိုက်/မွေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | အသက်မွေးဝမ်းကျောင်းနည်းပညာများရရှိအောင် ဆောင်ရွက်ခြင်း | ၈ |

# မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## မြို့သစ်မြို့နယ်၊ဘော့ကျေးရွာအုပ်စု၊ဘော့ကျေးရွာ၏
## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **စိုက်ပျိုးရေး** | | | | | |
| ၁ | -သီးနှံအထွက်နှုန်း နည်းပါးခြင်း။ | -မျိုးကောင်းမျိုးသန့်များ အလွယ် တကူမရခြင်း။ | -မြို့တွင်စိုက်ပျိုးရေးဦးစီးဌာနရှိခြင်း။<br>-စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲများ/သင်တန်းများ တက်ရောက်နိုင်ခြင်း။ | -နည်းပညာ ဗဟုသုတနည်းပါး ခြင်း<br>-ငွေကြေးမတက်နိုင်ခြင်း။ | -နည်းပညာ ဗဟုသုတများရရန်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | -စိုက်ပျိုးရေး နည်းပညာပေးသင်တန်းများနှင့် ဟောပြောပွဲများရရှိအောင်ဆောင်ရွက်ခြင်း။<br>-စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များ ရရှိအောင်ဆောင်ရွက်ခြင်း။ |
| ၂ | -အလုပ်သမားရှားပါး ခြင်းနှင့် အလုပ်သမားဈေးကြီး သောကြောင့် အမြတ်အစွန်းနည်းနေခြင်း။ | -လုပ်ခလစာနည်းခြင်းကြောင့် အခြားဒေသသို့ သွားရောက်လုပ်ကိုင်နေခြင်း။<br>-စက်ပစ္စည်း အသုံးပြုရန်ငွေကြေး မတတ်နိုင်ခြင်း။ | -စက်မှုလယ်ယာ ဦးစီးဌာနရှိခြင်း။<br>-လယ်ယာမြေများအများဆုံးလုပ်ကိုင်နေခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။ | -စက်မှုလယ်ယာ ဦးစီးဌာနနှင့် ချိတ်ဆက်၍ စက်ပစ္စည်း ဝယ်ယူ/ငှားရမ်းနိုင်ရေးဆောင်ရွက်ခြင်း။ | -လယ်/ယာသုံး စက်ပစ္စည်းများ ဈေးနှုန်းချိုသာ စွာဖြင့် ဝယ်ယူ/ငှါးရမ်းခြင်း။ |
| ၃ | -မြေယာများဆုံးရှုံးမှုဖြစ်ပေါ်နေခြင်း။<br>-တောင်ကျချောင | -ကျေးရွာရေိယာအတွင်းရှိမြေနေရာများအားချောင်းရေတိုက်စားနေခြင်း။ | -ရွာသူ/သားများမှလုပ်အားဒါနပေးနိုင်ခြင်း။<br>-သဲနှင့်ကျောက်များဝယ်ယူရလွယ်ကူခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။<br>-နည်းပညာအားနည်းနေခြင်း။ | -သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | -<br>ရေကာတာတည်ဆောက်ပေးခြင်း။ |
| | **အခြေခံအဆောက်အဦ** | | | | | |
| ၄ | -မြေသားလမ်းသာရှိ၍ လမ်းမကောင်းခြင်း။ | -သီးနှံနှင့် ဈေးကုန်များ အချိန်မှီဝယ်ယူရောင်းချနိုင်မှုမရှိခြင်း | -ကျေးလက်လမ်းဦးစီးဌာနရှိခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။ | -ကျေးရွာဆက်ကော်မတီဖွဲ့စည်းပြီး | -ကျေးရွာ ရွာလယ်လမ်း ကျောက်ချောခင်ခြင်း |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | -မိုးတွင်းကာလ၌ သွားလာရခက်ခဲခြင်း။ | -သီးနှံများ အချိန်လွန်၍ ဈေးကောင်းမရရှိခြင်း။ | -ရွာသူ/သားများ ပူးပေါင်းဆောင်နိုင်ခြင်း။ | | သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | ဆောင်ရွက်ခြင်း။ |
| ၅ | -မြေသားလမ်းဖြစ်သောကြောင့် သွားလာရခက်ခဲနေခြင်း။ | -ပညာရေးနှောင့်နှေးကြန့်ကြာနေခြင်း။ | -ကျေးလက်လမ်းဦးစီးဌာနရှိခြင်း။<br>-ရွာသူ/သားများ ပူးပေါင်းဆောင်နိုင်ခြင်း။ | -ငွေကြေးအားနည်းခြင်း | -သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ | -စာသင်ကျောင်းသို့သွားသောလမ်းအားကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်ခြင်း။ |
| | **ပညာရေး** | | | | | |
| ၆ | -စာသင်ကျောင်းဆောင်နည်း၍ မလုံလောက်ခြင်း။ | -ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အဆင်မပြေဖြစ်နေခြင်း။<br>-မိုးတွင်းကာလတွင် ရာသီဥတုဒါဏ်ခံရခြင်း။ | -ကျေးရွာလူထုမှ လုပ်အားဖြင့် ပါဝင်ဆောင်ရွက်နိုင်ခြင်း။ | -ငွေကြေးမတတ်နိုင်ခြင်း။<br>-ကျောင်းသားဦးရေများနေခြင်း။ | -ပညာရေးဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း။ | -စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း။<br>-စာသင်ကျောင်းဆောင် ပြုပြင် တည်ဆောက်ခြင်း။ |
| | **ကျန်းမာရေး** | | | | | |
| ၇ | -သွေးလွန်တုပ်ကွေးရောဂါဖြစ်ခြင်း။ | -ခြင်ကိုက်ခံရခြင်း၊ ပတ်ဝန်းကျင်မသန့်ရှင်းခြင်း၊ ရေဆိုးရေပုပ်များရှိနေခြင်း။ | -တိုက်နယ်ဆေးရုံနှင့် ၂မိုင်ခန့်သာဝေးကွာခြင်း။ | -ကျန်းမာရေး ဗဟုသုတအသိနည်းခြင်း။<br>-ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်မှုအားနည်းခြင်း။ | -ရာသီအလိုက်ဖြစ်သော ရောဂါများအားကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ပေးခြင်း။<br>-တစ်အိမ်ထောင်ချင်းစီ ပတ်ဝန်းကျင်သန့်ရှင်းရေးများဆောင်ရွက် | -ရွာသူ/သားများစုပေါင်း၍ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ခြုံနွယ်များရှင်းလင်းခြင်းအားအပတ်စဉ်ဆောင်ရွက်ခြင်း။<br>-ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း။ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | ခြင်း။ | |
| | **ကျန်းမာရေး** | | | | | |
| ၈ | -ဆေးခန်းနှင့် ဆေးခန်းသုံး ပစ္စည်းကိရိယာများ လုံလောက်မှုမရှိခြင်း။ | -ကျန်းမာရေးကိစ္စများဖြစ်လျှင် အချိန်မှီ မကာကွယ်နိုင်ခြင်း။ | -ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ရန်ကျေးရွာမှ စုပေါင်းငွေများဖြင့်မြေနေရာ ဝယ်ယူနိုင်ခြင်း။<br>-ရပ်ရွာမှ တက်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ခြင်း။ | -ငွေကြေးအခက်အခဲ ရှိခြင်း။<br>-ကျန်းမာရေး ဗဟုသု တနည်းခြင်း။ | -ရွာအကြီးအကဲများမှ ကျန်းမာရေး ဦးစီးဌာန သို့ တင်ပြတောင်းခံ ခြင်း။ | -ကျန်းမာရေး ဝန်ထမ်း၊ ဆေးဝါးများနှင့် ဆေးခန်းသုံး ပစ္စည်းကိရိယာများ လိုအပ်ခြင်း။ |
| ၉ | -သောက်ရေရှားပါးနေခြင်း။ | -ထွက်ရှိလာသောရေများ ငန်နေခြင်း။ | -လူထုမှ လုပ်အားပါဝင်နိုင် ခြင်း | -နည်းပညာ အားနည် နေခြင်း။<br>-ငွေကြေးအားနည်း ခြင်း | | -တောင်ကျချောင်းရေအား တစ်ဖက်ပိတ်ရေကာတာတ ည် ဆောက်ပေးခြင်း။ |
| | **ကျား/မရေးရာ** | | | | | |
| ၁၀ | -ရပ်ရွာအရေး ဆောင်ရွက်ရာ တွင် အမျိုးသမီးထု၏ ခေါင်း ဆောင်မှု အားနည်းခြင်း။ | -အိမ်မှုကိစ္စများ ဆောင်ရွက်နေ ရခြင်း။<br>-အမျိုးသမီးများအား အလေး ထား လေးစားမှုမရှိခြင်း။ | -ပူးပေါင်းပါဝင်လိုစိတ် ရှိ ခြင်း။ | -တန်းတူအခွင့်အရေး မရခြင်း။ | -အမျိုးသားအဖွဲ့များမှ အမျိုးသမီးများအား နေရာပေး၍ လက်တွဲ ခေါ်ယူခြင်း။<br>-အမျိုးသမီးများ ကိုယ်တိုင် ရပ်ရွာ အစည်းအဝေးပွဲများ တက်ရောက်ခြင်း။ | -အမျိုးသမီးများ၏ စိတ်ဓါတ် နှင့် စွမ်းဆောင်ရည်မြှင့်တင် ရေးသင်တန်း/ ဟောပြောပွဲ များ ပြုလုပ်ပေးခြင်း။ |
| | **လူငယ် ၊ ယဉ်ကျေးမှုနှင့် အားကစား** | | | | | |
| ၁၁ | -လူငယ်များ အသိပညာ ဗဟု | စာပေလေ့လာရန်၊ ဗဟုသုတ | -စိတ်အားထက်သန်မှု ရှိခြင်း | -အဆောက်အဦခိုင်ခံမှု | -ရပ်မိရပ်ဖများမှ | -ကျေးရွာတွင် လူငယ်များ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | သုတနည်းခြင်း | ရှာရန် အားနည်းခြင်း | -စာပေလေ့လာရန် စာအုပ်များရှိခြင်း | မရှိခြင်း<br>-ပရိဘောဂပစ္စည်းများ မရှိခြင်း | စာပေလေ့လာနိုင်ရန် စီစဉ်ပေးခြင်း<br>-စာအုပ်စာပေ ဖတ်ခိုင်းခြင်း။ | ဗဟုသုတ၊ အသိပညာများ တိုးရန် ဟောပြောပွဲများ ဆောင်ရွက်ပေးခြင်း။ |
| | **လူငယ် ၊ ယဉ်ကျေးမှုနှင့် အားကစား** | | | | | |
| ၁၂ | -အားလပ်ချိန်တွင် အကျိုးရှိစွာ အသုံးမချခြင်း။ | -အခြားအချိန်ဖြုန်းစရာများစွာရှိခြင်း။<br>-စာပေနှင့်ဗဟုသုတစာစောင်များ ဖတ်ရှုမှုမရှိခြင်း။ | -စာပေလေ့လာမည့်ကလေးသူငယ်များရှိခြင်း။ | -ဖုန်းနှင့်တီဗီများကို အလွန်အကျွံကြည့်ရှုခြင်း။<br>-အရက်သေစာများ လွယ်ကူစွာဝယ်ယူရရှိနေခြင်း။ | -ရာသီအလိုက် အားကစားပွဲများ ကျင်းပပေးခြင်း။ | -<br>စာပေဟောပြောပွဲများပြုလုပ်ပေးခြင်း။ |
| | **မီးလင်းရေး** | | | | | |
| ၁၃ | -စက်မှုလုပ်ငန်းများမဆောင်ရွက်နိုင်ခြင်း။<br>-ပညာသင်ကြားရာတွင် အဆင်မပြေခြင်း။ | -ဝင်ငွေနည်းပါးနေခြင်း။<br>-အိမ်စာများအားအချိန်ပေး မလုပ်နိုင်ခြင်း။ | -ကျေးရွာအတွင်းမီးတိုင်နှင့် မီးကြိုးများသွယ်တန်းပြီးစီးခြင်း။ | -သက်ဆိုင်ရာဌာနနှင့် ချတ်ဆက်မှုအားနည်းနေခြင်း။ | -လျှပ်စစ်ဦးစီးဌာနနှင့် အမြန်ဆုံးချိတ်ဆက်ဆောင်ရွက်ခြင်း။ | -ကျေးရွာမီးလင်းရေးဆောင်ရွက်ပေးခြင်း |
| | **စိုက်/မွေးမဟုတ်သောအခြားဝင် ငွေရလုပ်ငန်းများ** | | | | | |
| ၁၄ | -အားလပ်ချိန်တွင် အကျိုးရှိစွာ အသုံးမချခြင်း။ | -မိရိုးဖလာလုပ်ငန်းသာလုပ်ကိုင်တက်၍ အခြားစီးပွားရေး မလုပ်ကိုင်တက်ခြင်း။ | -လူငယ်များသည် အသိပညာ၊ အတက်ပညာများ လေ့လာသင်ယူရန် စိတ်ပါဝင်စားခြင်း။ | -ပညာများလေ့လာ စည်းပူးရန် အချိန်နှင့်ငွေကြေးမတက်နိုင်ခြင်း။ | -သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်။ | -အသက်မွေးဝမ်းကြောင်းပညာပေးသင်တန်းများဖွင့်လှစ်ပေးရန်။ |

**မြို့သစ်မြို့နယ် ၊ ဘော့ကျေးရွာအုပ်စု ၊ ဘော့ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ**

**စီမံချက်တစ်ခုချင်းစီအတွက် အရေးကြီးမှုအပေါ်မူတည်၍ အမှတ်ပေးဇယား( ၁မှတ် မှ ၁၀မှတ်ထိ )**

| စဉ် | စီမံချက်လုပ်ငန်း အမည် | ရပ်မိရပ်ဖအုပ်စု | | လယ်သမားအုပ်စု | | အမျိုးသမီးအုပ်စု | | လူငယ်အုပ်စု | | စိုက်/မွေး မဟုတ်သောအုပ်စု | | စုစုပေါင်း ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | | |
| ၁ | တောင်ကျရေအား တစ်ဖက်ပိတ်ရေကာတာ တည်ဆောက်ရန် | ၉ | ၉ | ၉ | ၈ | ၈ | ၉ | ၈ | ၉ | ၉ | ၉ | ၈၇ | ၂ |
| ၂ | လယ်ယာသုံးစက်ကိရိယာများ ဈေးနှုန်းချိုသာစွာရရှိအောင်ဆောင်ရွက်ရန် | ၆ | ၃ | ၅ | ၆ | ၆ | ၄ | ၇ | ၄ | ၂ | ၁ | ၄၄ | ၆ |
| ၃ | စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့် | ၄ | ၂ | ၃ | ၄ | ၄ | ၃ | ၅ | ၅ | ၃ | ၂ | ၃၅ | ၇ |

| | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | များ ရရှိအောင်ဆောင်ရွက်ရန် | | | | | | | | | | | | |
| ၄ | ကျန်းမာရေးဝန်ထမ်း၊ ဆေးဝါးများနှင့် ပရိဘောဂပစ္စည်းများ ရရှိအောင်ဆောင်ရွက်ရန် | ၅ | ၄ | ၄ | ၇ | ၇ | ၆ | ၆ | ၃ | ၅ | ၄ | ၅၁ | ၅ |
| ၅ | အသက်မွေးဝမ်းကျောင်းနည်းပညာများ ရရှိအောင်ဆောင်ရွက်ရန် | ၃ | ၂ | ၂ | ၃ | ၃ | ၂ | ၄ | ၆ | ၅ | ၁ | ၃၁ | ၈ |
| ၆ | ရွာလယ်လမ်းအားကျောက်ချောလမ်းဆောင်ရွက်ရန် | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၇ | စာသင်ကျောင်းသို့သွားသောလမ်းအား ကျောက်ချောလမ်းဆောင်ရွက်ရန် | ၇ | ၈ | ၈ | ၉ | ၉ | ၉ | ၃ | ၉ | ၉ | ၈ | ၇၉ | ၄ |
| ၈ | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ရန် | ၈ | ၉ | ၆ | ၈ | ၈ | ၈ | ၉ | ၉ | ၈ | ၉ | ၈၂ | ၃ |

**မြို့သစ်မြို့နယ် ၊ ဘော့ကျေးရွာအုပ်စု ၊ ဘော့ကျေးရွာ၏ ဘဏ္ဍာနှစ်အလိုက်စီမံချက်လုပ်ငန်းများ**

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေး အဆင့် | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ရွာလယ်လမ်ကျောက်ချောလမ်းခင်းခြင်း | ၁ | ✓ | | | | |
| ၂ | တောင်ကျချောင်းရေအားတစ်ဖက်ပိတ်ရေကာတာတည်ဆောက်ခြင်း | ၂ | | ✓ | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း | ၃ | | | ✓ | | |
| ၄ | စာသင်ကျောင်းသို့သွားသောလမ်းကျောက်ချောလမ်းခင်းခြင်း | ၄ | | | | ✓ | |
| ၅ | ကျန်းမာရေးဝန်ထမ်း၊ဆေးဝါးနှင့် ပရိဘောဂပစ္စည်းများဆောင်ရွက်ခြင်း | ၅ | | | | | ✓ |
| ၆ | လယ်ယာသုံးစက်ကိရိယာများ၊စပါးခြွေလှေ့စက်များအရစ်ကျ<br>ရောင်းချပေးခြင်း | ၆ | | ✓ | | | |
| ၇ | စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ခြင်း | ၇ | | | ✓ | | |
| ၈ | အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများဆောင်ရွက်ခြင်း | ၈ | | | | | ✓ |

ဘောဂကျေးရွာ ရာသီဥတုပြက္ခဒိန် ၂၇.၆.၂၀၁၈

| | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | အလုပ်အကိုင် | | | | | | | | | | | | |
| ၃ | လက်လုပ်လက်စား | | | | | | | | | | | | |
| ၄ | အသုံးစရိတ် | 5000 | | | | | | | | | | | |
| ၅ | ချေးငွေ ချိုခံမှု | | | | | | | | | | | | |
| ၆ | ဝမ်းစာဖူလုံမှု | | | | | | | | | | | | |
| ၇ | သောက်သုံးရေ ရရှိမှု | | | | | | | | | | | | |
| ၈ | တိရစ္ဆာန်အစာ ရရှိမှု | | | | | | | | | | | | |
| ၉ | တိရစ္ဆာန်ရောဂါကျရောက်မှု | | | | | | | | | | | | |
| ၁၀ | ကျန်းမာရေး အခြေအနေ | | | | | | | | | | | | |
| ၁၁ | သီးနှံ ပိုးမွှားရောဂါ ကျရောက်မှု | | | | | ဖွမ်းပိုးကျ | ဝေါ်းပိုးကျ | | | | | | |
| ၁၂ | ပွဲတော် | | | | | | | | | | | | |

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၅ | ၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၅ | ၂၀ | ၃၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၀ | ၃၄ | ၇၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၆၄ | ၅၅ | ၁၁၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၄၉ | ၂၅၀ | ၄၉၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၀ | ၁၁ | ၂၁ |
| **စုစုပေါင်း** | | **၃၇၉** | **၃၇၅** | **၇၅၄** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၅၆** | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ဘော့ကျေးရွာတွင် အိမ်ထောင်စု(၁၅၆)စုနှင့် ကျား(၃၇၉)ဦး၊ မ (၃၇၅)ဦး ရှိပြီး လူဦးရေစုစုပေါင်းမှာ(၇၅၄)ရှိပါသည်။ဘော့ကျေးရွာသည် အများအားဖြင့် ဗုဒ္ဓဘာသာ ၊ မြန်မာလူမျိုးများသာ ဖြစ်ပါသည်။ ဘော့ကျေးရွာတွင် ကျောင်းနေအရွယ်ကလေးနှင့် သက်ကြီးရွယ်အို မှီခိုသူမှာ ( ၃၃%)ခန့်ရှိပြီး (၆၇%) ခန့်သည် အလုပ်လုပ်နိုင်သောလူဦးရေ ဖြစ်သောကြောင့် အလုပ်လုပ်နိုင်မှု အင်အားကြီးမားပါသည်။**

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| **လယ်မြေ** | ၉၇ | **သင့်** | **အနည်းအကျဉ်း** | **မိုးရေ** |
| **ယာမြေ** | ၆၁၃ | **သင့်** | **အနည်းအကျဉ်း** | **မိုးရေ** |
| **ဥယျာဉ်ခြံမြေ** | | | | |
| **အိမ်ခြံဝင်းစိုက်ခင်း** | | | | |
| **ကိုင်း/ကျွန်းမြေ** | | | | |
| **စားကျက်မြေ** | | | | |
| **ပလပ်မြေ** | | | | |
| **သစ်တောမြေ** | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| စုစုပေါင်း | ၇၁၀ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဘော့ကျေးရွာ ကုန်းမြင့်ဒေသဖြစ်သောကြောင့် လယ်ကေနည်းပါးပြီး ယာကေများပါသည်။ ယာအတွက်ရေရရှိမှုမှာလည်း မိုးရေကိုသာ အားထားရပါသည်။ ကိုင်း/ကျွန်းမြေများနည်း၍ ပလက်မြေနှင့် စာကျက်မြေများပေါပါသည်။ ၎င်းယာမြေများကိုလည်း သစ်တော ကြိုးဝိုင်း အတွင်း သစ်တောဦးစီးဌာနနှင့်ညှိနှိုင်း စိုက်ပျိုးပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | - | |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျှမ်းမျှအပူချိန် - | ပျှမ်းမျှ မိုးရေချိန် - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ဘော့ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ မရှိပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
